CHSAlliance

# ရိုးရှင်းနားလည်လွယ်သော

# လူသားချင်းနားလည်စာနာထောက်ထားမှု အခြေခံစံများ (CHS)

*ဤရိုးရှင်းနားလည်လွယ်ကူသော CHS ကတိကဝတ် ကိုးခု၏ အင်္ဂလိပ်ဗားရှင်းကို နယ်စည်းမထား ဘာသာပြန်များအဖွဲ့မှ ကျွမ်းကျင်သူများ ပါဝင်သော လုပ်ငန်းအဖွဲ့က အသေးစိတ် ရှင်းပြထားပါသည်။ CHS ၏ ရိုးရှင်းနားလည်လွယ်သော ဘာသာစကားဗားရှင်းတွင် အသုံးများသော စကားလုံးများကိုသာသုံးရန် ရည်ရွယ်သည်။ ဤဟာသည် မြန်မြန်နှင့် တိတိကျကျ နားလည်သဘောပေါက်မှုကို အထောက်အကူပြုသော ဝါကျဖွဲ့စည်းတည်ဆောက်ပုံနှင့် ကြိယာပုံသဿဏ္ဌာန်များကို သုံးပါသည်။*

*ဤစာတမ်း၏ စစ်မှန်သောရည်ရွယ်ချက်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ကတိကဝတ်များ ထုတ်ပြန်ချက်ကို အကျပ်အတည်းဖြင့် ထိခိုပ်ခံရသော လူမှုအဖွဲ့အစည်းနှင့် တစ်ယောက်ချင်းစီ အနေဖြင့် အလွယ်တကူ နားလည်နိုင်အောင် ပံ့ပိုးကူညီပေးရန် ဖြစ်ပါသည်။*

**အကျပ်အတည်းဖြင့် ထိခိုက်ခံရသူ ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် ကျွန်ုပ်တို့၏ အဖွဲ့အစည်းထံမှ**

**မည်သည်ကို သင် မျှော်လင့်နိုင်သနည်း။**

အကျပ်အတည်းကျရောက်နေသော လူ့အဖွဲ့အစည်းတစ်ခုကို ကူညီရန် ကျွန်ုပ်တို့အဖွဲ့အစည်းက အလုပ်လုပ်သောအခါ ယေဘုယျအားဖြင့် ကတိကဝတ်ကိုးခုကို လိုက်နာရန် သစ္စာပြုပါသည်။ သင်သည် ကျွန်ုပ်တို့ထံမှ မည်သည်တို့ကို မျှော်လင့်နိုင်ကြောင်း သိရှိစေရန်အတွက် ဤစာသည် ထိုကတိကဝတ်များကို ရိုးရှင်းနားလည်လွယ်သော ဘာသာစကားဖြင့် ရှင်းပြထားသည်။

အရေးပေါ်အခြေအနေများသည် ကျွန်ုပ်တို့အပေါ်ကိုလည်း အခက်အခဲများ ကျရောက်စေနိုင်သည်။ ကျွန်တော်တို့သည် ကတိကဝတ်များကို လိုက်နာရန် အမြဲတမ်းကြိုးစားသော်လည်း တစ်ခါတစ်ရံ မလိုက်နာနိုင်ဘဲရှိလိမ့်မည်။ သို့သော်လည်း ကျွန်တော်တို့သည် အချိန်နှင့်အလျောက် သင်ယူလေ့လာလျက်ရှိပြီး သင်တို့သည် တုံ့ပြန်အကြံပြုခြင်းဖြင့် ကျွန်တော်တို့ကို ကူညီနိုင်ပါသည်။

**ကျွန်တော်တို့သည် အောက်ပါတို့ကို အတတ်နိုင်ဆုံး ကြိုးစားပါမည်။**

၁. သင်တို့၏ လိုအပ်ချက်များကို နားလည် ဖြည့်ဆည်းပေးခြင်း။

၂. သင်တို့ လိုအပ်ချိန်တွင် ကူညီထောက်မခြင်း။

၃. နောင်အနာဂတ်တွင် အလားတူ အရေးပေါ်အခြေအနေကို တုံ့ပြန်နာလန်ထူလာနိုင်အောင် ကူညီအထောက်အကူပေးခြင်း။ သင်တို့ကို ကျွန်တော်တို့ အန္တရာယ် ဖြစ်စေလိမ့်မည်မဟုတ်ပါ။

CHSAlliance

၄. သင်တို့ ရရှိနိုင်သော အထောက်အကူနှင့် သင်တို့ကို မည်ကဲ့သို့ ပြုမူ ဆက်ဆံလိမ့်မည်ကို အသိပေးမည် ဖြစ်ပါသည်။ ပံ့ပိုးပေးသော အထောက်အကူများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို အသိပေးနိုင်ရန် ကျွန်တော် အတတ်နိုင်ဆုံး ဆောင်ရွက်ပါမည်။

၅. ကျွန်တော်တို့ ပေးအပ်သော အထောက်အကူများကို မကျေနပ်လျှင်သော်လည်းကောင်း၊ ဝန်ထမ်းများ၏ ဆက်ဆံပုံကို မနှစ်မြို့လျှင်သော်လည်းကောင်း အခက်အခဲများကို တင်ပြပေးနိုင်ရန် ဆောင်ရွက်ပေးထားပါ မည်။ သင် တိုင်တန်းလာလျှင် သင့်ကို မည်သူတစ်ယောက်ကမှ အန္တရာယ်ပြုစေမည် မဟုတ်ပါ။ တိုင်တန်းမှု များကို ကျွန်ုပ်တို့ အရေးယူဆောင်ရွက်ပေးပါမည်။

၆. အကူအညီပေးသော အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ အသိပညာနှင့် အရင်းအမြစ်များကို ပေါင်းစပ်ပြီး သင်တို့၏ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်စွက်ပေးနိုင်ရန် ကျွန်ုပ်တို့ ကြိုးစားပါမည်။

၇. ကျွန်ုပ်တို့ ပေးအပ်သော အထောက်အကူသည် အချိန်နှင့်တစ်ပြေးညီ တိုးတက်လာအောင် အတွေ့အကြုံ ဖြင့် သင်ယူပါမည်။

၈. ကျွန်ုပ်တို့အတွက် အလုပ်လုပ်သောသူများတွင် သင်တို့ကို အထောက်အကူပြုနိုင်သော ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသည်ကို သေချာအောင် စိစစ်ပါမည်။

၉. အရင်းအမြစ်များကို တာဝန်သိစွာ၊ ဖြုန်းတီးမှုနည်းအောင်နှင့် သင်တို့အတွက် အကောင်းဆုံး အကျိုးရအောင် စီမံဆောင်ရွက်ပါမည်။

မှတ်ချက်။ ။ အရေးပေါ်အခြေအနေကြောင့် ထိခိုက်ခံရသော လူများကို ကူညီထောက်ပံ့ရန် အသုံးပြုသော ပစ္စည်းများ၊ ငွေကြေးနှင့် ဆေးကုသမှုကဲ့သို့သော အရာဝတ္ထုများအားလုံးကို “အရင်းအမြစ်များ”ဟု ရည်ညွှန်းပါသည်။